ကော့ကပ်ကြီးကျေးရွာ

ကော့ကပ်ကြီးအုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကော့ကပ်ကြီးကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

ဩဂုတ်လ၊ ၂၀၁၈

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီး | ၁ |
| | ကော့ကပ်ကြီးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် | ၃ |
| | ကော့ကပ်ကြီးကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် | ၄ |
| | **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | ၅ |
| ၁။ | နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| | (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| ၂။ | တည်နေရာနှင့်ပထဝီအနေအထား | ၆ |
| ၃။ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၇ |
| ၄။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၇ |
| | (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၇ |
| | (ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၈ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၉ |
| | (င) ပညာရေး | ၉ |
| | (စ) ကျန်းမာရေး | ၁၀ |
| | (ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၁ |
| | (ဇ) ကျား – မ ရေးရာ | ၁၁ |
| ၅။ | ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁၂ |
| နောက်ဆက်တွဲများ | | |
| နောက်ဆက်တွဲ(၁) – | ဖွံ့ဖြိုးရေးဗျူဟာဇယား | ၁၃ |
| နောက်ဆက်တွဲ(၂) – | ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၄ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏

ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


၂

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီ အစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့် ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်း အရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဩဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကော့ကပ်ကြီးကျေးရွာ
ဇလွန်မြို့နယ်


## ကော့ကပ်ကြီးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ်




ရက်စွဲ၊ ၂၀.၇.၂၀၁၈

ရေးဆွဲသူ၊ ဦးအောင်သူထွတ်

# ကော့ကပ်ကြီးကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ်



ကော့ကပ်ကြီးကျေးရွာ ရာသီခွင်ပြက္ခဒိန်

| အဖြစ်အပျက် | တန်ခူးလ | ကဆုန်လ | နယုန်လ | ဝါဆိုလ | ဝါခေါင်လ | တော်သလင်းလ | သီတင်းကျွတ်လ | တန်ဆောင်မုန်းလ | နတ်တော်လ | ပြာသိုလ | တပို့တွဲလ | တပေါင်းလ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | အလွန်ပူ | ပူပြင်း | မိုးရွာ | မိုးများ | မိုးများ | မိုးရွာ/နေပူ | မိုးနည်း | မိုးရွာ/နေပူ | နေသာ/နှင်းကျ | နေသာ/နှင်းကျ | အလွန်ပူ | အလွန်ပူ |
| စိုက်ပျိုးရေး (လယ်) | နွေစပါး ရိတ် | နွေစပါး ရိတ် | မိုးစပါး ထယ်ထိုး ပျိုးကြဲ | မိုးစပါး စိုက် | ပေါင်းသင်၊ အစာကျွေး | စပါး ဖုန်းတုန်း | စပါးရိတ်၊ ပဲကြဲ | ပဲကြဲ | ပဲဆေးဖြန်း၊ နွေစပါး ထယ်ထိုး | နွေစပါး ကြဲ/စိုက် | အစာကျွေး၊ ရေတင်၊ ဆေးဖြန်း | ပဲနုတ်၊ နွေစပါးစိုက် |
| ကျန်းမာရေး | - | - | ဝမ်းပျက် ဝမ်းလျှော | သွေးလွန် တုပ်ကွေး | သွေးလွန် တုပ်ကွေး | - | - | ရာသီဖျား | - | ပူပြင်းဖျား | ပူပြင်းဖျား | - |
| စိုက်ပျိုးရေး (ခြံ) | ရာသီပင် | ရာသီပင် | ပန်း | ကွမ်း | - | ကွမ်း | ကွမ်း | - | - | - | - | - |
| ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | - | ဝါဆိုပွဲ | စာရေး တံမဲပွဲ | - | မီးထွန်းပွဲ | ကထိန်ပွဲ | - | - | - | ဘုရားပွဲ |
| အလုပ်အကိုင် | ပေါများ | ပေါများ | ပေါများ | ကောင်း | ရှားပါး | ရှားပါး | ရှားပါး | ကောင်း | ကောင်း | ကောင်း | ကောင်း | ကောင်း |
| ဝင်ငွေ / ထွက်ငွေ | | | | | | | | | | | | |

ရက်စွဲ၊ ၂၀.၇.၂၀၁၈

ရေးဆွဲသူ၊ ဦးမျိုးသက်မောင်

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက် အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြ ထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင် မည်ဖြစ်သည်။ မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်း မှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများ ကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ် သော အရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။တည်နေရာနှင့်ပထဝီအနေအထား

ကော့ကပ်ကြီးအုပ်စု၊ ကော့ကပ်ကြီးကျေးရွာသည် ဇလွန်-ရွားခဲလမ်းမကြီး၏ဘေးတွင် တည်ရှိပြီး ဇလွန်မြို့နှင့် ရွားခဲမြို့နယ်တို့ကို သွားလာရေးလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်သော်လည်း ရေမြုပ်ကွင်းများသောဒေသလည်းဖြစ်ပါသည်။ အဓိကအသက်မွေး ဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေး၊ ကျပန်းအလုပ်တို့ဖြစ်ပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ (၄၀)လက်မအထက်ရှိပြီး မိုးရာသီတွင် မိုးစပါးစိုက်ပျိုး ရေးကို မိုးရေဖြင့်လုံလောက်ပါသည်။ လယ်ယာမြေသည် မိုးစပါး၊ နွေစပါးနှင့် မတ်ပဲတို့ကို စိုက်ပျိုး ထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ရန်တို့အတွက် အဓိကအားထားရာလည်းဖြစ်ပါသည်။

## ၃။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကော့ကပ်ကြီးကျေးရွာသည် လယ်သမားများအတွက် မိုးစပါးကို မိုးရေနှင့်လည်းကောင်း၊ နွေစပါးကို စက်တပ်တွင်းများမှရေထုပ်ယူ၍လည်းကောင်း စိုက်ပျိုးအောင်မြင်ပါသည်။ ကျေးရွာတွင် လယ်ယာမြေနှင့် မြေဆီလွှာတို့သည်လည်း အသင့်အတင့်ရှိပါသည်။ မိုးစပါးစိုက်ဧက(၁၁၆)ဧကနှင့် နွေစပါးစိုက်ဧက(၁၁၄)ဧကခန့်ရှိပါသည်။ မိုးစပါးရိတ်သိမ်းပြီးပါက နွေစပါးနှင့်မတ်ပဲတို့ကို အဓိက စိုက်ပျိုးပါသည်။ ကျေးရွာတွင် ဥယျာဉ်ခြံမြေ(၅)ဧကခန့်သာရှိပြီး ကွမ်းနှင့်အခြားရာသီပင်သီးနှံများ ကိုလည်း စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် တိရစ္ဆာန်မျိုးစိတ်များရရှိနိုင်မှုမရှိခြင်းနှင့် သဘာဝ တွင်းထွက်သယံဇာတပစ္စည်းထွက်ရှိမှုများလည်းမရှိပါ။ နွားစာအတွက် လယ်ကန်သင်းများတွင်သာ အလွယ်တကူရရှိနိုင်ပြီး သီးသန့်စားကျက်မြေဟူ၍ မရှိတော့ပါ။ ဆေးဖက်ဝင်အပင်များအဖြစ် သာမန်တွေ့ရှိရသော အပင်များသာရှိပါသည်။

## ၄။ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကော့ကပ်ကြီးကျေးရွာတွင် သီးသန့်အဖွဲ့အစည်းဖွဲ့စည်းထားခြင်းမရှိသော်လည်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ သာရေး၊ နာရေး ကိစ္စရပ်များတွင် လူကြီး၊ လူငယ်၊ ကျား၊ မ ပူးပေါင်းပါဝင် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိပါသည်။ ကျေးရွာတစ်ရွာလုံးသည် ဗမာလူမျိုး များဖြစ်ကြပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း(၁)ကျောင်းနှင့် ဘုရားစေတီပုထိုးများလည်း ရှိပါသည်။ ကျေးရွာတွင် ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးအတွက် ကျေးရွာအတွင်း မှ ထည့်ဝင်ငွေများနှင့် အလှူရှင်များပူးပေါင်းပြီး ကျေးရွာလမ်း ကောင်းမွန်စေရေး ဆောင်ရွက် လျက်ရှိပါသည်။ ကျေးရွာလမ်းကောင်းမွန်ပါက ပညာရေး၊ ကျန်းမာ ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေး အစရှိသည်တို့မှာ အဘက်ဘက်မှ တိုးတက်ပြောင်းလဲမှု များဖြစ်လာနိုင်မည်မှာ ဧကန်ပင်ဖြစ်ပါသည်။

### (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ကော့ကပ်ကြီးကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းများမှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် သင်ဖျာယက်လုပ်ခြင်းလုပ်ငန်းများဖြစ်ကြပါသည်။ ပန်းရံ၊ လက်သမားများ စသော အသေးစားအိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြပါသည်။ ဆိုင်ကယ်ကယ်ရီ ပို့ဆောင်ခြင်း၊ ခေါင်းရွက်ဗြတ်ထိုးဈေးသည်၊ သင်ဖျာငှားရမ်းယက်လုပ်သူများနှင့် အစိုးရဝန်ထမ်း အလုပ် လုပ်ကိုင်သူများလည်းရှိပါသည်။

စိုက်ပျိုးရေးတွင် မိုးစပါး(၁)ဧကပျမ်းမျှအထွက်နှုန်းမှာ (၆၅)တင်း၊ နွေစပါး(၁)ဧက ပျမ်းမျှအထွက်နှုန်းမှာ (၁၁၀)တင်းနှင့် မတ်ပဲ(၁)ဧကအထွက်နှုန်း(၇.၅)တင်းတို့ထွက်ရှိပါသည်။ စိုက် ပျိုးရေးလုပ်ကိုင်ရန်အတွက် မိုးရာသီတွင်မိုးရေနှင့် ဆောင်းရာသီတွင် တုံကင်တွင်းများမှ ရေကိုသာ အားထား၍ သုံးစွဲရပါသည်။ အနိမ့်ကွင်းဒေသများဖြစ်သည့်အားလျော်စွာ မိုးစပါးနှင့်မတ်ပဲ စိုက် ပျိုးသူအချို့တို့သည်လည်း သင့်တင့်သောထွက်နှုန်းများရရှိကြပြီး ဆောင်းစပါးစိုက်ပျိုးသူအများစု မှာ

အထွက်နှုန်းကောင်းမွန်ပါသည်။ချောင်းရှိသောကြောင့် ရေချိုငါးဖမ်းလုပ်ငန်းအား ရှာဖွေစား သောက်သောအိမ်ထောင်စုအချို့လည်းရှိပါသည်။

၈

**(ဂ)အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

ကော့ကပ်ကြီးကျေးရွာသည် ဇလွန်မြို့နယ်နှင့် ရှားခဲတိုက်နယ်တို့အကြားတွင် တည်ရှိပြီး ဇလွန်မြို့နှင့် (၈)မိုင်၊ ရှားခဲနှင့်(၈)မိုင်ကွာဝေးပါသည်။ **ကော့ကပ်ကြီးကျေးရွာ အုပ်စု၊ ကော့ကပ်ကြီးကျေးရွာတွင် ရွာတွင်းလမ်း (၃)လမ်း ရှိပါသည်။ ပထမတစ်လမ်းမှာ (၃၀၀၀'x၁၀'x၃")အတိုင်းအတာရှိပြီး ၂၀၁၅ခုနှစ်တွင် ကျေးရွာသူ ကျေးရွာသားများစုပေါင်း၍ ခင်းထားသော ကိုယ်ထူကိုယ်ထကွန်ကရစ်လမ်းဖြစ်ပါသည်။ ဒုတိယ တစ်လမ်းမှာလည်း (၂၈၀၀'x၆'x၃")အတိုင်းအတာရှိပြီး ၂၀၁၅ခုနှစ်တွင် ကျေးရွာသူ ကျေးရွာသား များစုပေါင်း၍ ခင်းထားသော ကိုယ်ထူကိုယ်ထကွန်ကရစ်လမ်းဖြစ်ပါသည်။ တတိယတစ်လမ်းမှာလည်း လမ်းအ ရှည် (၂၃၀၀ပေ)ရှည်ပြီး အကျယ်(၂၀ပေ)ကျယ်သော မြေသားလမ်းပေါ်တွင် ဘယ်(၃ပေ)၊ ညာ(၃)ပေ၊ ထု(၃လက်မ) ကွန်ကရစ်ဘီးလမ်းအဖြစ် ၂၀၁၄ခုနှစ်တွင် ကျေးရွာသူ ကျေးရွာသားများ စုပေါင်း၍ ခင်းထားသော ကိုယ်ထူကိုယ်ထကွန်ကရစ်လမ်းဖြစ်ပါသည်။ ၎င်းကွန်ကရစ် ဘီးလမ်းမှာ လယ်ယာလုပ်ငန်းထုတ်ကုန်များအား သယ်ယူပို့ဆောင်ရေးယာဉ်ကြီးများ ရာသီမရွေး သွားလာ အသုံးမပြုနိုင်သဖြင့် လမ်း၏အလယ်ရှိကျန်ရှိနေသေးသော မြေသားလမ်းအား ကွန်ကရစ်လမ်း အဆင့်မြှင့် တင်ရေးသည် ကျေးရွာသူကျေးရွာသားအားလုံး၏ အဓိကရည်မှန်းချက်ကြီးပင်ဖြစ် ပါသည်။ လက်ရှိတွင် ကျေးရွာမှ စုပေါင်းထည့်ဝင်ငွေသိန်း(၁၅၀)ကျော်ပင်ရှိနေကြောင်း လေ့လာ တွေ့ရှိရပါသည်။**

ကျေးရွာတွင် ကော့ကပ်ကလေးကျေးရွာနှင့် ကော့ကပ်ကြီးကျေးရွာ၏နယ်ခြားတံတားရှိပါ သည်။ (ကေသီပန်တံတား)ဟူ၍ အမည်တွင်ပါသည်။ ကေသီပန် ဦးလှမြင့်၏ မတည်အလှူငွေဖြင့် ကျေးရွာမှအတော်အသင့်ကျွမ်းကျင်မှုရှိသောလုပ်သားများပေါင်းစပ်ကာ ဆောက်လုပ်ထားသော တံတားဖြစ်ပါသည်။ တံတားမှာ ပေအရှည်(၁၀၀ပေ)နှင့် အကျယ်(၁၄ပေ)ရှိကာ တံတားတစ်ဘက်စီ ၏ချဉ်းကပ်လမ်းမှာ (၅၀ပေ)ရှိပါသည်။ ထိုတံတားသည် ကော့ကပ်ကလေးရွာနှင့် ကော့ကပ်ကြီးရွာ၊ ဝါးပတောရွာတို့နှင့်ရွာချင်းဆက်လမ်းပေါ်တွင်တည်ရှိပြီး အ.ထ.ကကော့ကပ်ကြီးကျောင်းသို့သွားရာ လမ်းပေါ်တွင် ကော့ကပ်ချောင်းကိုဖြတ်ဖောက်ထားသော ကွန်ကရစ်တံတားတစ်စင်းလည်းဖြစ် ပါသည်။ ယခုအခါတွင် ထိုတံတားမှာ ကျွမ်းကျင်ပညာ ရှင်များဆောက်လုပ်ထားသော တံတား မဟုတ်ခြင်းကြောင့် တံတားအလယ်ကျောနိမ့်ကျသွားခြင်း၊ နှစ်ဘက်စလုံးချဉ်းကပ်နားရွက်များ ပြိုကျ ပျက်စီးခြင်းတို့နှင့် ကြုံတွေ့နေရပါသောကြောင့် ကား၊ ထော်လာဂျီ၊ ဂွန်ဒေါင်း၊ ဆိုင်ကယ်၊ စက်ဘီးနှင့် ကျောင်းသူကျောင်းသားများသွားလာရေးတွင် အန္တရာယ်ရှိနိုင်သောအခြေအနေထိ ရောက်ရှိနေသည်ကိုတွေ့ရှိရပါသည်။

ကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် ဇလွန်ဈေးနှင့် ရှားခဲဈေးတို့ကို လွယ်ကူစွာလက်လှမ်းမီကြပြီး ဆိုင်ကယ်၊ လိုင်းကား၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်နှင့် အခြားသော

ယာဉ်များပါသွားလာကြပါသည်။ ကျေးရွာတွင် ချောင်းရှိ၍ မော်တော်၊ ဂွန်စင်နှင့် အခြားစက်တပ်ယာဉ်တို့ဖြင့် သွားလာနိုင်ပါသည်။ မဟာဓါတ်အားလိုင်းမရရှိသေးသောကြောင့် ဆိုလာနှင့်ဘက်ထရီအိုးတို့ကိုသာ အဓိကထား၍ မီးလင်းရေးအတွက် အသုံးပြုကြပါသည်။ အချို့အိမ်ထောင်စုများမှာ ရေနံဆီမီးခွက်နှင့် ဖယောင်းတိုင်တို့အသုံးပြုကြပါသည်။

ဇလွန်မြို့နှင့်နီးခြင်း၊ ရွာအနီးတွင် MPTဖုန်းတာဝါတိုင်ရှိခြင်းကြောင့် အလွယ်တကူဆက် သွယ်နိုင်ပြီး အင်တာနက်သုံးစွဲမှုလည်းအဆင်ပြေမှုရှိပါသည်။



## (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ကော့ကပ်ကြီးကျေးရွာတွင် လယ်သမားအများစုမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ(အတိုးနှုန်းပြား၈ဝ)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြ သည်။ ကျေးရွာ၏လေးပုံတစ်ပုံခန့်လောက်သည် ကိုရီးယားချေးငွေ(အတိုးနှုန်း၁.၅ကျပ်နှုန်း)နှင့် UNDP ချေးငွေ(အတိုးနှုန်း၂.၅ကျပ်နှုန်း)တို့ဖြင့် စားဝတ်နေရေး၊ တစ်ပိုင်တစ်နိုင်အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ချေးယူကြသည်။

ကျေးရွာသားအများစုသည် ချေးငွေကို ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူသုံးစွဲကြောင်း တွေ့ရပါသည်။ လေ့လာဆန်းစစ်ချက်များအရ ဆင်းရဲသောအိမ်ထောင်စုများအတွက် အကြွေးတင်ရှိမှုအနည်းငယ်ရှိကြောင်း တွေ့ရပါသည်။

## (င) ပညာရေး

**ကော့ကပ်ကြီးကျေးရွာတွင် အ.ထ.ကကျောင်းကို ဆောက်လုပ်ထားပါသည်။ ကျောင်းအတွင်းတွင်** (၁၂ဝ'x၃ဝ')အတိုင်းအတာရှိ စာသင်ဆောင်(၃)ဆောင်နှင့် (၁၅ဝ'x ၃ဝ') အတိုင်း အတာရှိ စာသင်ဆောင်(၁)ဆောင်ရှိပါသည်။ ၎င်းစာသင်ဆောင်(၃)ဆောင်အနက် တစ်ဆောင်မှာ ၂ဝ၁၆ခုနှစ်တွင် အလှူရှင် (ကေသီပန်)မှ ဆောက်လုပ်လှူဒါန်းထားသောကြောင့် အရည်အသွေး ကောင်းမွန်ပါသည်။ (၁၅ဝ'x၃ဝ') အတိုင်းအတာရှိကျောင်းဆောင်မှာ သစ်ညှပ်ပတ်ကာကျောင်း ဆောင်ဖြစ်၍ အရည်အသွေး အလွန်ညံ့နေပါ သည်။ ကျောင်းအိမ်သာမှာ (၆)ခန်းတွဲအိမ်သာ(၁)လုံး၊ (၂)ခန်းတွဲအိမ်သာ(၁)လုံး၊ (၄)ခန်းတွဲအိမ်သာ(၁)လုံးတို့ရှိသဖြင့် ကျောင်းအိမ်သာမှာ သင့်တင့်ပြီး အဆင်ပြေပါသည်။ အ.ထ.ကကျောင်းဖြစ်သဖြင့် ကျောင်းသား/သူဦးရေ လည်းများပြားသောကြောင့် ကျောင်းစာသင်ခုံ လိုအပ်မှုတော့ရှိပါသည်။ ကျောင်းတွင်ကျောင်းအုပ်ကြီး မ(၁)ဦး၊ အထက်တန်းပြ ကျောင်းဆရာ(၄)ဦး၊ ကျောင်းဆရာမ(၆)ဦး၊ အလယ်တန်းပြ ကျောင်းဆရာ(၁)ဦး၊ ကျောင်း ဆရာမ (၉)ဦး၊ မူလတန်းပြကျောင်းဆရာ(၂)ဦး၊ ကျောင်းဆရာမ(၃)ဦး၊ ရုံးဝန်ထမ်းကျား(၁)ဦး၊ မ(၄)ဦး၊ စုစုပေါင်းဝန်ထမ်းအရေအတွက် ကျား(၈)ဦး၊ မ(၂၃)ဦး၊ ပေါင်း(၃၁)ဦးရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။ ကော့ကပ်ကြီးအ.ထ.ကကျောင်းတွင် တက်ရောက်ပညာသင်ကြားနေကြသော **မူလတန်း**

**ကျောင်းသား(၃၃)ဦး၊ ကျောင်းသူ(၄၁)ဦး၊ စုစုပေါင်း(၇၄)ဦး၊ အလယ်တန်းကျောင်းသား(၁၅၉)ဦး၊ ကျောင်းသူ(၁၆၁)ဦး၊ စုစုပေါင်း(၃၂၀)ဦး၊ အထက်တန်းကျောင်းသား(၇၁)ဦး၊ ကျောင်းသူ(၉၃)ဦး၊ စုစုပေါင်း(၁၆၄))ဦး၊ စုစုပေါင်း ကျောင်းသား(၂၇၃)ဦး၊ ကျောင်းသူ(၃၁၀)ဦး၊ စုစုပေါင်း (၅၈၃)ဦးရှိ ပါသည်။ ကျောင်းဆရာအချိုးနဲ့ ကျောင်းသားအချိုးလည်းညီညွတ်ပါသည်။ ကျောင်းသား/သူ အားလုံး ကျောင်းတက်မှန်ပြီး ပညာရေးကောင်းမွန်ကြပါသည်။ တက္ကသိုလ်/ကောလိပ် တက်ရောက်နေကြသော ကျောင်းသား/သူစုစုပေါင်း(၂၀)ဦးလည်း ရှိပါသည်။**

စာသင်ကျောင်းဆောင်ရှေ့တွင် (၁၁၀'x ၉၀' x၅')ရေကန်ကြီးတစ်ကန်ရှိပြီး ၄င်းရေ ကန်ကြီးကြောင့် ခြင်ပေါက်ဖွားမှုများဖြစ်ပွားသောကြောင့် ကျောင်းသားကျောင်းသူများ၏ကျန်းမာရေးအတွက်မြေဖို့ချင်ကြကြောင်းလေ့လာတွေ့ရှိရပါသည်။ **ကော့ကပ်ကြီးကျေးရွာသည် အ.ထ.က ကျောင်းဖြစ်ပြီး ကျောင်းသားဦးရေများပြားသောကြောင့် ကျောင်းစာသင်ခံလိုအပ်မှုရှိနေပါသည်။**



**(စ)ကျန်းမာရေး**

ကော့ကပ်ကြီးကျေးရွာရှိ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာအုပ်စု အတွင်း၌ ကော့ကပ်တိုက်နယ်ဆေးရုံအား လွယ်ကူစွာသွားရောက်ကုသနိုင်သည်။ ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုတ်ကွေးနှင့် ရာသီဖျားနားမှု အနည်းအကျဉ်းလောက်သာအဖြစ်များပါသည်။ ကျေးရွာအတွင်းတွင် ကျန်းမာရေး စင်တာမှ ဝန်ထမ်းများတာဝန်ယူကာကူညီမှုလည်းရှိပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ လိုလောက်သောဝန်ဆောင်မှုများရရှိပါသည်။

ကော့ကပ်ကြီးကျေးရွာသည် တစ်ရွာလုံးနီးပါးတုံကင်တွင်းရှိပါသည်။ ကျေးရွာတွင် ကိုယ်ပိုင်တုံကင်တွင်းရေကို အများဆုံးအသုံးပြုကြပြီး တုံကင်တွင်းမရှိသောသူများသည် နီးစပ်ရာ အိမ်နီးချင်းတုံကင်တွင်းမှလည်းကောင်း၊ မိုးရာသီတွင် မိုးရေကို သိုလှောင် ထားခြင်းနှင့် ရန်ဖန်ရန်ခါ ချောင်းရေတို့ကို သုံးစွဲရပါသည်။ သောက်ရေ၊ သုံးရေနှင့်ပတ်သက်၍လည်း အခက်အခဲမရှိပါ။

ကျေးရွာတစ်ရွာလုံး ရေလောင်းယင်လုံအိမ်သာများကိုသာ သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဆိုးများ နည်းပါးလှပါသည်။ စာသင်ကျောင်းများတွင်လည်း စနစ်တကျတည်ဆောက်ထားသော အိမ်သာများရှိမှုကြောင့် ကျောင်းသားကျောင်းသူများအတွက် အသုံး ပြုရန်လွယ်ကူအစဉ်ပြေမှုရှိပါသည်။

**(ဆ)ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကော့ကပ်ကြီးကျေးရွာတွင် မိုးစပါး၊ နွေစပါး၊ မတ်ပဲနှင့် ဥယျာဉ်ခြံမြေတို့ရှိ စိုက်ပျိုးပင် များတွင် ဖျက်ပိုးအစုံတို့ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှု များပြားကာ မြေဆီလွှာအရည်အသွေးများ ကျဆင်းလာနိုင်ပါသည်။ တောင်သူများအနေနှင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ ပိုမိုသုံးစွဲကြသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအပိုင်းတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံနှင့် ပိုးသတ်ဆေးဗူးခွံ အစရှိသည်တို့ကို စနစ် တကျ

စွန့်ပစ်ခြင်းမရှိကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်ပါသည်။ ဤကျေးရွာသည် ကုန်းတွင်းပိုင်းဒေသဖြစ်ခြင်းကြောင့် မုန်တိုင်း အန္တရာယ်နည်းပါးသော်လည်း အနိမ့်ကွင်းများသောဒေသဖြစ်သောကြောင့် ရေကြီးရေလျှံမိုးမှု အန္တရာယ်ကိုတော့ နှစ်စဉ်လိုလို ကြုံတွေ့ရတတ်ပါသည်။ ကျေးရွာလယ်ကန်သင်းဘေးရှိ ဆပန်းကန် ရိုးနှင့် ကြက်စင်ရိုးတို့မှာ အမှိုက်များကြောင့် ရေစီးရေလာမကောင်းဘဲ နှစ်စဉ်စိုက်ပျိုးမြေများ ရေနစ်မြုပ်ခြင်း၊ ရေနစ်မြုပ်ခြင်းကြောင့် သီးနှံများအထွက်နှုန်းလျော့ကျခြင်းတို့ဖြစ်ပေါ်လျက်ရှိ ပါ သည်။

**(ဈ)ကျား – မ ရေးရာ**

ကော့ကပ်ကြီးကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှု များ၊ အဓမ္မမှု၊ ခွဲခြားဆက်ဆံမှုစသည့်ကိစ္စများ မတွေ့ရပါ။ ကျားမလုပ်အားစိုက်ထုတ်မှုပေါ်မူတည်၍ လုပ်အားခနှုန်းထားကွာခြားမှုရှိသည်။ အမျိုးသားများတစ်နေ့တာလုပ်အားခနှုန်းထား(၅၀၀၀ကျပ်)၊ အမျိုးသမီးများမှာ တစ်နေ့တာလုပ်အားခ (၃၀၀၀ကျပ်)ရကြသည်။ ပညာသင်ယူရေးဆိုင်ရာ အခွင့် အလမ်းများတွင်အမျိုးသားနှင့်အမျိုးသမီးတန်းတူအခွင့်အရေးရကြပါသည်။

## ၅။ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***ကျေးရွာအဆောက်အအုံ*** | | | | | |
| | ၁။ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | ၁၀၀ | ၁ | –ကျေးရွာရွာတွင်းလမ်း(၂၃၀၀'x၂၀'x၃")အတိုင်းအတာရှိ မြေသားလမ်းပေါ်တွင် (၃)ပေအကျယ် ကွန်ကရစ်ဘီး လမ်းခင်းထားပြီးဖြစ်ရာ အလယ်ကျန်ရှိနေသော မြေသား (၁၄ပေ) အား ထု(၄လက်မ)ဖြင့်ကွန်ကရစ်ခင်းခြင်း လုပ်ငန်း | ကျေးလက် ဦးစီး |
| ***ကျေးရွာအဆောက်အအုံ*** | | | | | |
| | ၂။ ကျေးရွာစာကြည့်တိုက် တည်ဆောက်ခြင်းလုပ်ငန်း | ၉၀ | ၂ | – ကျေးရွာစာကြည့်တိုက်(ပေ၂၀)ပတ်လည်တည်ဆောက်ခြင်း လုပ်ငန်း | ကျေးလက် ဦးစီး |
| ***ပညာရေး*** | | | | | |
| | ၃။ ကျောင်းစာသင်ခုံဖြည့်တင်း ဆောင်ရွက်ခြင်း | ၈၅ | ၃ | – ကျောင်းစာသင်ခုံအလုံး(၁၀၀)ဖြည့်တင်းဆောင်ရွက်ခြင်း | ပညာရေး |

| | | | | | |
|---|---|---|---|---|---|
| **စိုက်ပျိုးရေး** | | | | | |
| | ၄။ ဆပကန်ရိုး၊ကြက်စင်ရိုး တို့အားအသစ်တူးဖော်ခြင်း | ၈၀ | ၄ | ဆပကန်ရိုး၊ကြက်စင်ရိုး တို့အားအသစ်တူးဖော်ခြင်း | ဆည်မြောင်း |

## ကော့ကပ်ကြီးအုပ်စု၊ ကော့ကပ်ကြီးကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်းပန်းဆက်သွယ်ရေး** | | | | | |
| | • စီးပွားရေး၊ လူမှုရေး၊ပညာရေး၊ ကျန်းမာရေး ဘက်စုံဖွံ့ဖြိုးမှု နှောင့်နှေးနေခြင်း | • ကျေးရွာတွင်းလမ်းမှာ ယဉ်များ အသုံးပြုနိုင်မှုမရှိခြင်း | • ကျေးရွာသူကျေးရွာသားများလုပ်အားပံ့ပိုးနိုင်ခြင်း<br>• လက်ရှိတွင် ကျေးရွာစုထည့်ဝင်ငွေသိန်း (၁၅၀)ကျော်ရှိနေခြင်း | • ကျေးရွာတွင်း လမ်းအားကုန်ထုတ်လုပ်မှု အတွက်အဆင့်မီသောလမ်းဖြစ်လ ◌ာ ရန်ငွေအားစိုက်ထုတ်နိုင်မှု မလုံလောက်ခြင်း | • ကျေးလက်ဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်း | • အဆိုပြုတင်ပြထားသော ကော့ကပ်ကြီးရွာတွင်း လမ်းအား စီမံကိန်း၏လုပ်ငန်းဆောင်ရွက်ချက်များနှင့်အညီ လမ်းအဆင့်မြှင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း |
| ၂ | **လူငယ်ဖွံ့ဖြိုးရေး** | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | • စာပေဗဟုသုတ အားနည်းခြင်း | • စာဖတ်ခြင်းအလေ့ အထမရှိခြင်း<br>• အလွယ်တကူဖတ်စရာ စာအုပ်စာပေမရှိခြင်း | • စာကြည့်တိုက် ဆောက်လုပ်ရန် မြေနေရာသတ် မှတ်ထားခြင်း<br>• အလှူရှင်ရှိခြင်း | • ငွေကြေးတတ်နိုင် မှုအားနည်းခြင်း<br>• ဆက်သွယ်ရန် ခက်ခဲခြင်း | • ပြန်ကြားရေးနှင့်ဆက် သွယ်ရေးဦးစီးဌာန၊ ကျေးလက်ဦးစီးဌာန တို့နှင့်ချိတ်ဆက်၍ တင်ပြတောင်းခံခြင်း | • စာကြည့်တိုက်တည် ဆောက်ခြင်းလုပ်ငန်း |
| ၃ | **ပညာရေး** | | | | | |
| | • ကျောင်းစာသင်ခုံ မလုံလောက်ခြင်း | • အ.ထ.ကကျောင်း ဖြစ်သဖြင့် ကျောင်းသားဦးရေ များတိုးပွားလာခြင်း | • | • | • မိဘဆရာအသင်း၊ ပညာရေးဌာန၊ ကျေးလက်ဦးစီးဌာနတို့ နှင့်ချိတ်ဆက်၍ ညှိနှိုင်း ဆောင်ရွက်ခြင်း | • ကျောင်းစာသင်ခုံ(၁၀၀) ဖြည့်တင်းဆောင်ရွက်ခြင်း |
| ၄ | **စိုက်ပျိုးရေး** | | | | | |
| | • စိုက်ပျိုးမြေများ နှစ် စဉ်ရေမြုပ်ခြင်း | • လယ်ကန်သင်းဘေးရှိ ရိုးများအမှိုက်များ ပြည့်၍ရေစီးရေလာ မကောင်းခြင်း | • | • | • ဆည်မြောင်းဦးစီးဌာန နှင့်ချိတ်ဆက်၍ ရိုးများ အားအသစ်တူးဖော်ခြင်း ဆောင်ရွက်ခြင်း | • ဆပကန်ရိုး၊ ကြက်စင်ရိုး တို့အား အသစ်တူးဖော် ဆောင်ရွက်ခြင်း |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

**(၁)　　လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၂ | ၅ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၈ | ၂၀ | ၂၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၀ | ၂၆ | ၅၆ |
| ၁၀ နှစ်မှ ၁၄နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၄ | ၂၇ | ၆၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၂၁ | ၂၃၅ | ၄၅၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၃၁ | ၄၉ | ၈၀ |
| **စုစုပေါင်း** | | **၃၂၇** | **၃၅၉** | **၆၈၆** |
| **စုစုပေါင်း အိမ်ထောင်စု** | | ၁၇၃ | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။**　　။ကော့ကပ်ကြီးကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၇၃)အိမ်၊ **လူဦးရေစုစုပေါင်း (၆၈၆)ဦးရှိပါသည်။ အမျိုးသားဦးရေ(၄၈)** %၊ အမျိုးသမီးဦးရေ(၅၂) %ရှိသဖြင့် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်(၄)%ပိုနည်းသည်။ မူလတန်းနှင့် အလယ်တန်းကျောင်းနေအရွယ်ကျောင်းသား ကျောင်းသူ(၁၇)%ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်(၁၅နှစ်မှ ၆၄နှစ်အထိ) (၆၆)%ရှိပါသည်။ ထို့ကြောင့်လုပ်သားအင်အားများပြားပါသည်။ သက်ကြီးရွယ်အိုအရေအတွက် (၁၂)%ရှိပြီး အသက်(၈၀) နှစ်အထက် အသက်ရှည်သူများဖြစ်ကြပါသည်။

**(၂)　　သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁)　　ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ**

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၅၁၂ | သင့် | ရ | မြေအောက်ရေ/ချောင်းရေ |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | ၅ | သင့် | ရ | မြေအောက်ရေ/ချောင်းရေ |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| ကိုင်း/ကျွန်းမြေ | | | | |
| စုစုပေါင်း | ၅၁၇ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊



မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ကျေးရွာတွင် လယ်ကိုအဓိကထားလုပ်ကိုင် ကြပြီး လယ်မြေဧက(၅၁၂ဧက) (၉၉)%၊ ခြံမြေဧက(၅ဧက)(၁)%သာရှိပြီး လယ်မြေတွင် မိုးစပါး၊ မတ်ပဲကို စိုက်ပျိုးကြပါသည်။ ခြံမြေပေါ်တွင် ကွမ်းကိုအဓိကထား၍ တစ်ခြားရာသီပင်များလည်း စိုက်ပျိုးကြပါသည်။ မြေဆီမြေသြဇာမှာ သင့်တင့်ကောင်းမွန်မှုရှိပါသည်။ စိုက်ပျိုးရေကို မြေအောက်ရေ၊ ချောင်းရေ၊ မိုးရေတို့မှရရှိပြီး ရေလုံလောက်မှုရှိပါသည်။ ကျေးရွာတွင် နွား၊ ကျွဲ စားကျက်မြေ သီးသန့် မရှိပါ။ ကော့ကပ်ကြီးကျေးရွာအတွင်းရှိလယ်အများစုမှာ အနိမ့်ကွင်းများဖြစ်ပြီး နှစ်စဉ်နီးပါး ရေကြီးနစ်မြုပ်ခြင်းကို ခံစားနေရကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာလယ်ကန်သင်းဘေးရှိ ရိုးများဖြစ်သော ဆပကန်ရိုးနှင့် ကြက်စင်ရိုးတို့မှာ အမှိုက်များပြည့်၍ ရေစီးရေလာမကောင်းခြင်းကြောင့်လည်း စိုက်ပျိုးမြေများ နှစ်စဉ်ရေမြုပ်မှုခံရပြီး အထွက်နှုန်းများ ထွက်သင့်သလောက်မထွက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | လွယ် |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | လွယ် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | – | – |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | သင့် | လွယ် |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ပျမ်းမျှအပူချိန် – | ပျမ်းမျှ မိုးရေချိန် – | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကော့ကပ်ကြီးကျေးရွာတွင် ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ မတွေ့ရှိသော်လည်း အလွယ်တကူဝယ်ယူအသုံးပြုနိုင်ပါသည်။ လူနှင့်တိရစ္ဆာန်တို့အတွက် အသုံးဝင်သော အပင်မျိုးစိတ်များ ကျေးရွာမှ မတွေ့ရှိပါ။ သာမန်တွေ့ရများသောယေဘုယျအပင်များသာ တွေ့ရှိရပါသည်။



(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | တောင်သူလယ်သမားတိုးတက်ရေးအဖွဲ့ | ၁☑ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | လယ်သမားဦးရေ(၅၉)ဦး |
| ၂ | မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ | ကော်မတီဝင်ဦးရေ(၁၅)ဦး |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u>ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၃ | ဓမ္မစကူး | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ဆရာ/ဆရာမ(၇)ဦး |
| ၄ | မီးသတ် | ၁☐ ၂☐ ၃☑ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်အင်အား(၇)ဦး |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။



အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကော့ကပ်ကြီးကျေးရွာအတွင်းရှိ အဖွဲ့အစည်းအသီးသီးသည် တစ်ဦးနှင့်တစ်ဦးညီညွတ်မှုရှိ၍ ကျေးရွာ၏ လူမှုရေး၊ဘာသာရေး အစရှိသော ကိစ္စများကို ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာအတွင်းတွင် တောင်သူလယ်သမားတိုးတက်ရေးအဖွဲ့လည်းရှိပါသည်။ အသင်းဝင်(၁၅)ဦးဖြင့်ဖွဲ့စည်းထားသော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ဓမ္မစကူးလ်အဖွဲ့၊ မီးသတ်အဖွဲ့၊ UNDP ငွေစုငွေချေးအဖွဲ့တို့လည်းရှိကြောင်း

**လေ့လာတွေ့ရှိရပါသည်။**

**(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ**

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင့်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | **(၁၀)ကေအထက်** | **(၁၀)ကေအောက်** | မြေယာမဲ့ | မြေယာမဲ့ |
| **အိမ်အခြေအနေ** | **တိုက်အိမ်** | **သစ်အိမ်** | **ဝါးအိမ်** | **ဝါးတဲအိမ်** |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု** | **ကောက်ရိတ်စက် (၃)လုံး** | **ထွန်စက်အသေး** | | |
| **အဓိကစီးပွားရေး လုပ်ငန်း** | လယ် | **မွေးမြူရေး၊ သင်ဖျာ၊ လယ်၊ခြံ** | **ကျပန်း** | **ကျပန်း၊ မွေးမြူရေး** |
| **အိမ်ထောင်စု** | ၂၀ | ၄၃ | ၈၇ | ၂၃ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**



**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ကော့ကပ်ကြီးကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများပြားနေပြီး ကျပန်းအလုပ်သမားများပေါများနေကြောင်း တွေ့ရှိရ၍ အလုပ်အကိုင်အခွင့် အလမ်းများ ပေါ်ပေါက်လာရန် စီမံဆောင်ရွက်ဖို့ အလွန်အရေးကြီးကြောင်း လေ့လာတွေ့ရှိရပါသည်။ ကော့ကပ်ကြီးကျေးရွာတွင် အဆင့်ပြေသောအိမ်ထောင်စု(၂၀)အိမ်(၁၂)%**သာရှိပြီး **လယ်လုပ်ငန်းဖြင့် အဓိကအသက်မွေးသူများဖြစ်ကြပါသည်။ အလယ်အလတ်ရှိအိမ်ထောင်စု(၄၃)အိမ်(၂၅)%**ရှိပြီး လယ်နှင့် ခြံလုပ်ငန်း၊ မွေးမြူရေး၊ သင်ဖျာယက်လုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ **မပြေလည်သော အိမ်ထောင်စု(၈၇)အိမ်(၅၀)%ရှိပြီး နေ့စားကျပန်းအလုပ်ကို အဓိကထားလုပ်ကိုင်ပါသည်။ အလွန်မပြေ**

လည်သောအိမ်ထောင်စု(၂၃)အိမ်(၁၃)%ရှိပြီး နေ့စား၊ ကျပန်းနှင့် မွေးမြူရေးလုပ်ငန်းတို့ကို အဓိကထားလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် အိမ်တိုင်းနီးပါးထွန်စက်အသေးများ ပိုင်ဆိုင်ကြပြီး ကောက်ရိတ်စက်ကြီး(၃)လုံးလည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား** (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၁၀ | ၆၄% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ၅ကေထိ(၂ဟတ်တာထိ) | ၁၃ | ၈% | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား ( ၅ဟတ်တာထိ) | ၃၀ | ၁၇% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | ၂၀ | ၁၂% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၁၇၃ | ၁၀၀% | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ ကော့ကပ်ကြီးကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု(၁၁၀)အိမ်(၆၄)%၊ တောင်သူငယ်(၁၃)အိမ် (၈)%၊ အလယ်အလတ်စားတောင်သူ (၃၀)အိမ်(၁၇)%၊ တောင်သူကြီး (၂၀)အိမ်(၁၂)%ရှိပါသည်။



(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| မိုးစပါး | ၁၁၆ | တင်း | ၅၀ | ၈၀ | ၆၅ | သင့် |
| နွေစပါး | ၁၁၄ | တင်း | ၁၀၀ | ၁၂၀ | ၁၁၀ | သင့် |
| မတ်ပဲ | ၁၁၆ | တင်း | ၅ | ၁၀ | ၇.၅ | သင့် |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကော့ကပ်ကြီးကျေးရွာအတွင်းရှိ လယ်ယာမြေများမှာ အဓိကသီးနှံအဖြစ် စပါးနှင့်ပဲကို အဓိကထားစိုက်ပျိုးကြသည်။အထွက်နှုန်းများမှာ ရာသီဥတု၊သဘာဝဖျက်ပိုး၊မြေဆီလွှာ များအပေါ်မူတည်ပြီး အနည်းအများပုံမှန်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ လယ်ကန်သင်းဘေးရှိ ရိုးများတွင် အမှိုက်များပိတ်ဆို့နေပြီး ရေစီးရေလာမကောင်းသောကြောင့် နှစ်စဉ် မိုးတွင်းအခါ စိုက်ပျိုး မြေများ ရေမြုပ်နေပါသဖြင့် အထွက်နှုန်း ထွက်သင့်သလောက်မထွက်ရှိပါ။ သို့ဖြစ်ပါ၍ ၄င်းရိုးများဖြစ် သော ဆပကန်ရိုး၊ ကြက်စင်ရိုးတို့အား အသစ်တူးဖော်စေချင်ကြကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၄.၃) မွေးမြူရေးလုပ်ငန်း**

**ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၅ | ၁၂ |
| **နို့စားနွား** | | |
| **ကျွဲ** | | |
| **မြင်း** | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၆၅ | ၁၁၃ |
| ကြက် | ၈၈ | ၁၀၈၃ |
| ဘဲ | ၂၄ | ၄၅၁ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုစွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ရေချို ငါးဖမ်းလုပ်ငန်း | ၅၂ | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |



လေ့လာတွေ့ရှိချက်။ ။ကော့ကပ်ကြီးကျေးရွာတွင် အင်း၊အိုင်၊ ချောင်း၊မြောင်းများစွာရှိ၍ ရေချို ငါးဖမ်းလုပ်ငန်းဖြင့် တစ်နိုင်တစ်ပိုင်ငါးရှာဖွေစားသောက်သောမိသားစုများလည်း ရှိပါသည်။ မွေးမြူရေး နှင့် ကုသရေးဦးစီးဌာနမှ စီမံကိန်းဖြစ်သော ဝက်မွေးမြူရေးစီမံကိန်းကျေးရွာတစ်ရွာဖြစ်သောကြောင့် ဝက်မွေးမြူသူလည်းရှိပါသည်။ ကြက်နှင့် ဘဲတို့ကိုလည်း တစ်ပိုင်တစ်နိုင်မွေးမြူကြပါသေးသည်။ ကျေးရွာတွင်နွားမွေးမြူသူအိမ်ထောင်စု(၅)အိမ်(၃)%၊ ဝက်မွေးမြူသူအိမ်ထောင်စု(၆၅)အိမ်(၃၈)%၊ ကြက်မွေးမြူသူအိမ်ထောင်စု(၈၈)အိမ်၊ (၅၁)%၊ ဘဲမွေးမြူသူအိမ်ထောင်စု(၂၄)အိမ်(၁၄)%ရှိပါသည်။ ချောင်းတွင် ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု (၅၂)အိမ်(၃၀)% ရှိပါသည်။ မွေးမြူရေးနှင့် ပတ်သက်၍ အခက်အခဲမရှိ အဆင်ပြေပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၁ | ၁၅ | ၂ | **သင်ဖျာလုပ်ငန်းကိုလုပ်ကိုင်ကြသည်။** |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ | ၂ | ၄၀ | ၃ | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၁ | ၁ | ၁ | လတ် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၁ | ၂ | | လတ် |
| ၇ | လက်လီ–လက်ကား ရောင်းဝယ်ရေး | ၁ | ၁၀ | | လတ် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၁ | ၁၀ | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ | | | | |

| | | | | | |
|---|---|---|---|---|---|
| | ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၁ | ၂၀ | | လတ် |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | ၂ | ၁ | | လတ် |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ – ၉၉ ဦး | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**



**လေ့လာတွေ့ရှိချက်။ ။ကော့ကပ်ကြီးကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အိမ်ထောင်စု များသည် သင်ဖျာလုပ်ငန်း၊ လက်သမား၊ ပန်းရံ၊ လယ်ယာသုံးစက်ပြင်လုပ်ငန်း၊ ဆံပင်ညှပ်လုပ်ငန်း၊ အရောင်းအဝယ်သမားများ၊ ဆိုင်ကယ်ကယ်ရီပို့ဆောင်ခြင်းလုပ်ငန်း၊ လူမှုရေးလုပ်ငန်းများ(ခုံငှား၊ ဖိတ်စာရိုက်)၊ ကျောင်းဆရာ၊ ဆရာမများဖြစ်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။**

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | **အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)** | **အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)** |
|---|---|---|
| **ဈေးအမည် (မြို့/ ရွာ)** | ကော့ကပ်ကလေးဈေး | ဇလွန်ဈေး |
| **ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို** | ၀ မှ ၁ မိုင် ☑ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ | ၀ မှ ၁၀ မိုင် ☑ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ခန့်မှန်းပြီး ရွေးချယ်ရန်) | ၁၅ မိုင် အထက် ☐ | ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင် အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင်☑ စက်ဘီး☑ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☑ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☑ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကော့ကပ်ကြီးကျေးရွာတွင် ဈေးမရှိသော်လည်း ရွာချင်းကပ်လျက် ကော့ကပ်ကလေးကျေးရွာတွင် နံနက်စောစောဈေးရှိပြီး ၎င်းဈေးတွင်အသား၊ ငါး၊ဟင်းသီးဟင်းရွက်များကို ဝယ်ယူရရှိပါသည်။ ဈေးကို ခြေကျင်၊စက်ဘီး၊ဆိုင်ကယ်များဖြင့်သွား ရောက်နိုင်ပြီး၊ ကျေးရွာသည် ကော့ကပ်လမ်းမကြီးအနီးတွင်ရှိပြီးဇလွန်ဈေးကိုတော့ ကား/ထော်လာဂျီ၊ဆိုင်ကယ်တို့ဖြင့်သွားရောက်ပြီး လိုအပ်သည်များကို ဝယ်ယူကြပါသည်။



### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☐ ၂☐ ၃☐ ၄☑ ၅☐ | ကောင်း☐ သင့် ☑ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင် ☑ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ရွာတွင်းလမ်း | ၁☐ ၂☐ | ကောင်း☐ သင့် ☑ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ | ၀–၁ မိုင် ☑ |

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| | ၃☐ ၄☑<br>၅☐ | | တစ်နှစ်ပတ်လုံး☑ | ၁–၅ မိုင် ☐<br>၅–၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| ရွာတွင်းလမ်း | ၁☐ ၂☐<br>၃☐ ၄☑<br>၅☐ | ကောင်း☐ သင့် ☑ ညံ့ ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင် ☑<br>၁–၅ မိုင် ☐<br>၅–၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

လေ့လာတွေ့ရှိချက်။ ။ကော့ကပ်ကြီးကျေးရွာအုပ်စု၊ကော့ကပ်ကြီးကျေးရွာတွင် ရွာတွင်းလမ်း (၃)လမ်း ရှိ ပါသည်။ ပထမတစ်လမ်းမှာ (၃၀၀၀'x၁၀'x၃")အတိုင်းအတာရှိပြီး ၂၀၁၅ခုနှစ်တွင် ကျေးရွာသူ ကျေးရွာသား များစုပေါင်း၍ ခင်းထားသော ကိုယ်ထူကိုယ်ထကွန်ကရစ်လမ်းဖြစ်ပါသည်။ ဒုတိယ တစ်လမ်းမှာလည်း (၂၈၀၀'x၆'x၃")အတိုင်းအတာရှိပြီး ၂၀၁၅ခုနှစ်တွင် ကျေးရွာသူ ကျေးရွာသား များစုပေါင်း၍ ခင်းထားသော ကိုယ်ထူကိုယ်ထကွန်ကရစ်လမ်းဖြစ်ပါသည်။ တတိယတစ်လမ်းမှာလည်း လမ်းအရှည် (၂၃၀၀ပေ)ရှည်ပြီး အကျယ်(၂၀ပေ)ကျယ်သော မြေသားလမ်းပေါ်တွင် ဘယ်(၃ပေ)၊ ညာ(၃)ပေ၊ ထု(၃လက်မ) ကွန်ကရစ်ဘီးလမ်း အဖြစ် ၂၀၁၄ခုနှစ်တွင် ကျေးရွာသူ ကျေးရွာသားများ စုပေါင်း၍ ခင်းထားသော ကိုယ်ထူကိုယ်ထ ကွန်ကရစ် လမ်းဖြစ်ပါသည်။ ၄င်းကွန်ကရစ် ဘီးလမ်းမှာ လယ်ယာလုပ်ငန်းထုတ်ကုန်များအား သယ်ယူပို့ဆောင်ရေး ယာဉ်ကြီးများ ရာသီမရွေးသွားလာအသုံးမပြုနိုင်သဖြင့် လမ်း၏အလယ်ရှိကျန်ရှိနေသေးသော မြေသားလမ်း အား ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ရေးသည် ကျေးရွာသူကျေးရွာသားအားလုံး၏ အဓိကရည်မှန်းချက်ကြီးပင် ဖြစ်ပါသည်။လက်ရှိတွင်ကျေးရွာမှစုပေါင်းထည့်ဝင်ငွေသိန်း(၁၅၀)ကျော်ပင်ရှိနေကြောင်းလေ့လာတွေ့ရှိရပါသည်



### (၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင်☐၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်☐၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင်☐၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

**ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကော့ကပ်ကြီးကျေးရွာတွင် ချောင်းရှိသော်လည်း ရေလမ်းခရီးဖြင့်သယ်ယူပို့ဆောင်ရေးအဆင်မပြေကြောင်း၊ အကုန်အကျများကြောင်း လေ့လာတွေ့ရှိရပါသည်။**

**(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | ၂၀ | ၂ | ၁၀၅ | ၈၈ | ၁ | ၄ | ၂ | | ၄ |

**ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ကော့ကပ်ကြီးကျေးရွာတွင် သယ်ယူပို့ဆောင်ရေး ယာဉ်များစွာရှိ၍ လမ်းကောင်းမည်ဆိုပါက တစ်နှစ်ပတ်လုံးအတွက် လုပ်ငန်းများလုပ်ကိုင်ရာတွင် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။**

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | |
| ဆိုလာစနစ် | ၄၄ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင်(ဘက်ထရီ) | ၂ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော(ဖယောင်းတိုင်)** | ၁၂၇ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကော့ကပ်ကြီးကျေးရွာတွင်လျှပ်စစ်မီးမရရှိသေးပါ။ ကျေးရွာတွင် ဆိုလာသုံးစွဲသူ(၄၄)အိမ်ထောင်စုရှိပြီး ဘက်ထရီအသုံးပြုသူအိမ်ထောင်စု(၂)စုရှိကြောင်း ကျန်အိမ်ထောင်စု အားလုံးသည် ဖယောင်းတိုင်မီးသား အသုံးပြုနေကြလျက်ရှိကြောင်း လေ့လာတွေ့ရှိပါသည်။**

## (၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၁၈၉ | ၁၀၅ | ၈၁ |

**ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ကော့ကပ်ကြီးကျေးရွာတွင် တာဝါတိုင်မရှိသော်လည်း အနီးအနားရှိကျေးရွာ တွင် MPTတာဝါတိုင်ရှိသောကြောင့် ဆက်သွယ်ရေး၊** Internet **အသုံးပြုမှုလွယ်ကူပြီး သတင်းအချက် အလက်များ**

သိရှိခွင့်ကောင်းကြောင်းသိရှိရပါသည်။



## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၂၃ | ၂၅ | ၄၈ |
| အလယ်တန်း | ၂၄ | ၁၉ | ၄၃ |
| အထက်တန်း | ၈ | ၁၅ | ၂၃ |
| တက္ကသိုလ်/ကောလိပ် | ၈ | ၁၂ | ၂၀ |

**ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၎င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။ ။ကော့ကပ်ကြီးကျေးရွာသည် အ.ထ.ကကျောင်းဖြစ်ပြီး မူလတန်း ကျောင်းတက် နေကြသော ကျောင်းသား/သူစုစုပေါင်း(၄၈)ဦး(၈၆)%၊ အလယ်တန်းတက်ရောက်နေကြသော ကျောင်း သား/သူ စုစုပေါင်း(၄၃)ဦး(၇၀)%၊ အထက်တန်းကျောင်းတက်နေကြသော ကျောင်းသား/ သူစုစုပေါင်း (၂၃)ဦးရှိပါသည်။ ကျောင်းသား/သူအားလုံးကျောင်းတက်မှန်ပြီးပညာရေး ကောင်းမွန်ကြပါသည်။ တက္ကသိုလ်/ကောလိပ် တက်ရောက်နေကြသော ကျောင်းသား/သူစုစုပေါင်း(၂၀)ဦးလည်း ရှိပါသည်။**

## (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☑ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၁၂၀'x ၃၀'၃ဆောင်<br>၁၅၀'x ၃၀'၁ဆောင် | | |
| **င။** အမိုး၊ နံရံ၊အခင်းအရည်အသွေး | ကောင်း☐သင့်☑ညံ့☐ | ကောင်း☐သင့်☐ညံ့☐ | ကောင်း☐ သင့်☐ ညံ့☐ |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☑ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☑<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဈ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☑<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☑<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဓ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၈ | ၂၃ | ၃၁ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ကော့ကပ်ကြီးကျေးရွာတွင် အ.ထ.ကကျောင်းကို ဆောက်လုပ်ထားပါသည်။ ကျောင်းအတွင်းတွင်** (၁၂၀'x ၃၀')အတိုင်းအတာရှိ စာသင်ဆောင်(၃)ဆောင်နှင့် (၁၅၀'x ၃၀') အတိုင်းအတာရှိ စာသင်ဆောင်(၁)ဆောင်ရှိပါသည်။ ၎င်းစာသင်ဆောင်(၃)ဆောင်အနက် တစ်ဆောင်မှာ ၂၀၁၆ခုနှစ်တွင် အလှူရှင်(ကေသီပန်)မှ ဆောက်လုပ်လှူဒါန်းထားသောကြောင့် အရည်အသွေး ကောင်းမွန်ပါသည်။ (၁၅၀'x၃၀') အတိုင်းအတာရှိကျောင်းဆောင်မှာ သစ်ညှပ်ပတ်ကားကျောင်း ဆောင်ဖြစ်၍ အရည်အသွေး အလွန်ညံ့နေပါသည်။ ကျောင်းအိမ်သာမှာ (၆)ခန်းတွဲအိမ်သာ(၁)လုံး၊ (၂)ခန်းတွဲအိမ်သာ(၁)လုံး၊ (၄)ခန်းတွဲအိမ်သာ(၁)လုံးတို့ရှိသဖြင့် ကျောင်းအိမ်သာမှာ သင့်တင့်ပြီး အဆင်ပြေပါသည်။ အ.ထ.ကကျောင်းဖြစ်သဖြင့် ကျောင်းသား/သူဦးရေ လည်းများပြားသောကြောင့် ကျောင်းစာသင်ခုံ(၁၀၀) လိုအပ်မှုတော့ရှိပါသည်။ ကျောင်းတွင်ကျောင်းအုပ်ကြီး မ(၁)ဦး၊ အထက်တန်း ပြကျောင်းဆရာ(၄)ဦး၊ ကျောင်းဆရာမ(၆)ဦး၊ အလယ်တန်းပြ ကျောင်းဆရာ(၁)ဦး၊ ကျောင်း ဆရာမ(၉)ဦး၊ မူလတန်းပြကျောင်းဆရာ(၂)ဦး၊ ကျောင်းဆရာမ(၃)ဦး၊ ရုံးဝန်ထမ်းကျား(၁)ဦး၊ မ(၄)ဦး၊ စုစုပေါင်းဝန်ထမ်းအရေအတွက် ကျား(၈)ဦး၊ မ(၂၃)ဦး၊ ပေါင်း(၃၁)ဦးရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။ စာသင်ကျောင်းဆောင်ရှေ့တွင် (၁၁၀'x၉၀'x၅')ရေကန်ကြီးတစ်ကန်ရှိပြီး ၎င်းရေကန် ကြီးကြောင့်

ခြင်ပေါက်ဖွားမှုများဖြစ်ပွားသောကြောင့် ကျောင်းသားကျောင်းသူများ၏ ကျန်းမာရေး အတွက် မြေဖို့ချင်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။



## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

| စဉ် | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☑ |
| ၂ | သွေးလွန်တုပ်ကွေး | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☑ |
| ၃ | ငှက်ဖျား | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☑ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☑ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☑ |
| ၆ | တီဘီ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☑ |
| ၇ | ဆီးချို | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☑ |
| ၈ | သွေးတိုး | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☑ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☑ |

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကော့ကပ်ကြီးကျေးရွာရှိ ကျေးရွာသူကျေးရွာသားများသည် ကျန်းမာရေးကောင်းမွန်ကြပြီး ရာသီအချိန်တွင် သွေးလွန်တုတ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ၊ ရာသီဖျား ခြင်းများသာ ရံဖန်ရံခါဖြစ်တတ်ပြီး ပျံ့နှံ့၍ စိုးရိမ်ရသည့်အခြေအနေမျိုးမရှိပါ။ အနီးရှိ ကော့ကပ် တိုက်နယ်အတွင်းတွင်း တိုက်နယ်ဆေးရုံရှိခြင်း၊ Health Centerမှ ဝန်ထမ်းများအား ကျေးရွာတွင် တာဝန်ပေးထားခြင်းများကြောင့် ကျန်းမာ ရေးနှင့်ပတ်သက်၍ အားလုံးအဆင်ပြေပါသည်။**



**(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✔ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | | ✔ |
| ၃ | ပိုလီယိုရောဂါ | | ✔ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | |
| ၅ | ဝက်သက်ရောဂါ | | ✔ |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု** | | ✔ |

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | ✔ |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | | ✔ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကော့ကပ်ကြီးကျေးရွာသို့ ကျန်းမာရေးဌာနဝန်ထမ်းများမှ ကျေးရွာရှိ ကလေးသူငယ်များအား ကာကွယ်ဆေးများလိုက်လံထိုးပေးခြင်း၊ ပိုးလောက်လန်းများမပေါက်အောင် သုံးရေများအား ဆေးထည့်ခြင်းများ ပြုလုပ်ကြောင်း တွေ့ရှိရပါသည်။**



**(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး | ၀ မှ ၁ မိုင် ☐၁ မိုင် မှ ၃ မိုင် ☐ | ရှိ ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ဌာန/ ဌာနခွဲ | ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☑<br>၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☑<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကော့ကပ်ကြီးကျေးရွာသူကျေးရွာသားများသည် ကျန်းမာရေးနှင့်ပတ်သက်၍ ကော့ကပ်တိုက်နယ်ဆေးရုံနှင့်နီးခြင်း၊ ဖလွန်မြို့နယ်ဆေးရုံသို့လည်း သွားရောက်ကုသမှုပြုနိုင်ခြင်း၊ ကျေးရွာအတွင်းတွင် ကျန်းမာရေးစင်တာမှ ဝန်ထမ်းများတာဝန်ပေး၍ အကူအညီပေးနေသောကြောင့် ကျန်းမာရေး အထောက်အပံ့ကောင်းမွန်ပါသည်။**



**(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(၇.၄. ၁) သောက်သုံးရေ ရရှိမှု**

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | | ကောင်း☐ သင့်☐ ညံ့☐ | |
| အဝီစိတွင်း/ စက်တပ် | ၁၉ | ကောင်း☐ သင့်☑ ညံ့☐ | ရာသီမရွေး |
| အဝီစိတွင်း/ တုံကင် | ၁၅၄ | ကောင်း☐ သင့်☑ ညံ့☐ | ရာသီမရွေး |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းေ ေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။ ။ကော့ကပ်ကြီးကျေးရွာတွင် တစ်ရွာလုံးနီးပါး ရေတုံကင်များရှိပြီး ရေတုံကင်တွင် စက်တပ်အသုံးပြုသူအိမ်ထောင်စုအချို့လည်းရှိပါသည်။ သောက်သုံးရေမှာ သန့်ရှင်းမှုရှိပြီး ကျေးရွာသူ ကျေးရွာသားများအတွက် သောက်သုံးရေနှင့်ပတ်သက်၍ အခက်အခဲမရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။**

**(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၇၃ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ကော့ကပ်ကြီးကျေးရွာတစ်ရွာလုံး ရေလောင်းယင်လုံအိမ်သာများ အသုံးပြု ကြကြောင်း တွေ့ရှိရပါသည်။ ကျေးလက်ကျန်းမာရေးဌာနမှလည်း ရေလောင်းအိမ်သာခွက်များအား အခါအားလျော်စွာ ထုတ်ပေးကြောင်း တွေ့ရှိရပါသည်။

## (၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိပါ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မရှိပါ |
| ၃ | ရေကြီးခြင်း | ဆိုးဆိုးရွားရွား အန္တရာယ်ရှိနိုင်သည့်အခြေအနေမျိုးမရှိပါ။ |
| ၄ | မိုးခေါင်ခြင်း | မရှိပါ |
| ၅ | အအေးလွန်ကဲခြင်း | မရှိပါ |
| ၆ | မုန်တိုင်း | မရှိပါ |
| ၇ | လျှော | မရှိပါ |
| ၈ | မီးဘေး | မရှိပါ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိပါ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိပါ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိပါ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိပါ |
| ၁၃ | တီဘီရောဂါ | မရှိပါ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိပါ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိပါ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မရှိပါ |
| ၁၇ | လူကုန်ကူးခြင်း | မရှိပါ |

၃၅

လေ့လာတွေ့ရှိချက်။ ။ကော့ကပ်ကြီးကျေးရွာအတွင်း သဘာဝဘေးအန္တရာယ်များကြောင့် ဆိုးဆိုး ရွားရွားထိခိုက်အန္တရာယ်ရှိမှုအခြေအနေမျိုးမတွေ့ရှိရကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | လတ် | ရေနစ်မြုပ်မှုများကြောင့်မြေသြဇာများအန္တရာယ်ရှိနိုင်မှု အလယ်အလတ်တွင်ရှိသည်။ |
| အပင်မျိုးစိတ်များ | နိမ့် | |
| ရေအရင်းအမြစ် | မြင့် | မြေအောက်ရေနှင့်ချောင်းရေများ ရရှိမှုလွယ်ကူသောကြောင့် အန္တရာယ်ရှိနိုင်မှု မြင့်သည်။ |
| ငါးမျိုးကွဲများ | လတ် | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | စီးပွားဖြစ်မွေးမြူကြခြင်းမရှိသောကြောင့် တိရစ္ဆာန်များနှင့်ပတ်သက်၍ အန္တရာယ်ရှိနိုင်မှု နိမ့်ပါသည်။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကော့ကပ်ကြီးကျေးရွာအတွင်းရှိမြေဆီလွှာများသည် နှစ်စဉ်နီးပါးရေကြီးနစ်မြုပ်သောကြောင့် ရေစီးနှင့်အတူပါရှိပျက်စီးနေပါသည်။ စားကျက်နှင့်အင်းကောမြေများတွင် ပေါက်နေသောသဘာဝပေါက်ခြုံနွယ်ပင်များအား ခုတ်ထွင်ရှင်းလင်းလိုက်သောကြောင့် မြေဆီလွှာများ ရေတိုက်စားမှုဒဏ်ကိုခံနေရပါသည်။ ပေါင်းသတ်ဆေးသုံးစွဲမှုမြင့်တက်လာသောကြောင့်လည်း မြေဆီလွှာများပျက်လာပါသည်။ အစာကြွေးမှု အချိုးမညီမျှမှုကြောင့်လည်း ပါဝင်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအဖွဲ့များမှ ပညာပေးဟောပြောပွဲ များပြုလုပ်ပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

**(၁၀) ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| စဉ် | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | *ရှိ* ☑ | *မရှိ* ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | *ရှိ* ☑ | *မရှိ* ☐ |

**ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကော့ကပ်ကြီးကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်တွင် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှုရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အမျိုးသားများနှင့်အမျိုးသမီးများ ခွဲခြားမှုမရှိဘဲ အတူတကွသင့်မြတ် စွာနေထိုင်လုပ်ကိုင်**

ကြကြောင်း တွေ့ရှိရပါသည်။